SYCB မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS & YOUTH CONGRESS OF BURMA
Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

**ပြည်တွင်းတိုက်ပွဲများကြောင့်ဖြစ်ပေါ်လာသည့် ဆိုးကျိုးများအပေါ်**
**မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်၏ ထုတ်ပြန်ကြေငြာချက်**

နေ့စွဲ။ ။၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၄)ရက်

၂၁ ရာစုပင်လုံညီလာခံ နှင့် တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးခဲ့သည့် နောက်ပိုင်း အစိုးရ စစ်တပ်မှ တိုင်းရင်းသားဒေသများတွင် အကြောင်းပြချက်မျိုးစုံဖြင့် ထိုးစစ်ဆင်တိုက်ခိုက်နေမှုများ ပြုလုပ်လာနေသည့် အတွက် ဒေသခံ တိုင်းရင်းသားပြည်သူများမှာ စစ်ဘေးရှောင်ဒုက္ခသည်အဖြစ် လွတ်မြောက်ရာသို့ ထွက်ပြေး တိမ်းရှောင် နေကြရသည်။ ထို လုပ်ရပ်များအပေါ် မိမိတို့ အနေဖြင့် ကန့်ကွက်ရှုတ်ချလိုက်သည်။

အပစ်အခတ်ရပ်စဲရေးတွင် လက်မှတ်ထိုးရန် အကန့်အသတ်ခံထားရသည့်အတွက် အဆင်သင့်မဖြစ်သေးသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအပေါ် ရည်ရွယ်ချက်ရှိရှိ ယခုလို အကြမ်းဖက်နည်းဖြင့် ထိုးစစ်ဆင် တိုက်ခိုက်နေခြင်းသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာလိုခြင်းမရှိပဲ အကြမ်းဖက် တိုက်ခိုက် ချေမှုန်းရေး လမ်းစဉ်ကိုသာ ဆက်လက် ကျင့်သုံးနေကြောင်း တွေ့ရသည်။

ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အစိုးရမှ အင်တိုက်အားတိုက် ပါဝင်လုပ်ဆောင် နေသော်လည်း တပ်မတော် မှ နည်းပရိယာယ်အမျိုးမျိုးကို အသုံးပြုပြီး ပြည်တွင်းစစ်မီးကို ပြန်လည်ဖန်တီးနေခြင်းကြောင့် တိုင်းရင်းသား အချင်းချင်း အကြား၊ ပြည်သူလူထု အချင်းချင်းအကြား ပဋိပက္ခမျိုးစုံ ကိုဖြစ်ပေါ်စေသည့်အတွက် အစိုးရ တာဂန်ရှိသူများမှ တာဝန်ယူ ဆောင်ရွက်ရန် လိုအပ်ကြောင်း မိမိတို့မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် အနေဖြင့် အောက်ပါအတိုင်းတောင်းဆို ပါသည်။

(၁) ပြည်တွင်းငြိမ်းချမ်းရေးဖေါ်ဆောင်မှု ဆောင်ရွက်နေစဉ်အတွင်း တပ်မတော်မှ တိုင်းရင်းသားဒေသများ တွင် ထိုးစစ်ဆင် တိုက်ခိုက်ခြင်း၊ စစ်အင်အားတိုးချဲ့ခြင်း၊ စစ်ဘေးရှောင်ဒုက္ခသည်အတွက် ပို့ဆောင်ပေးနေသည့် စားနပ်ရိက္ခာယာဉ်တန်း အား ကန့်သတ်နှောက်ယှက်နေမှုများကို လက်ရှိအစိုးရ နှင့် အပစ်ရပ်စောင့်ကြည့်ရေး ကိုယ်စားလှယ်များမှ တာဂန်ယူပြီး အရေးယူ ဖြေရှင်းပေးရန်။

(၂) အစိုးရမှ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း တိုက်ပွဲကြောင့် နေရပ်စွန့်ခွာ ပြေးလွှားရှောင်တိမ်း ခဲ့ကြသော ဒေသခံ တိုင်းရင်းသားပြည်သူများအတွက် လုံခြုံစိတ်ချရသောနေရာနှင့် စားနပ်ရိက္ခာများကို လူသားချင်း စာနာမှုဆိုင်ရာ ကူညီ ထောက်ပံ့ ခြင်းများကို တာဂန်ယူဆောင်ရွက်ပေးရန်။

(၃) တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အင်အားစုအားလုံးနှင့် တပ်မတော်အကြား ဖြစ်ပေါ်နေသည့် ပဋိပက္ခမျိုးစုံကို ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်ထားသော အစိုးရမှ ပြည်သူလူထုကို မထိခိုက်စေသည့် ညှိနှိုင်းဆွေးနွေး အဖြေရှာ သည့် နည်းလမ်းဖြင့် လက်တွေ့ ကျကျအကောင် အထည်ဖော်ဆောင်ရွက်ပေးရန်။

(၄) စစ်တပ်၏ နယ်မြေစိုးမိုးမှု ရရန် အကြောင်းပြုပြီး ရင်းနှီးမြုပ်နှံမှုအဖြစ် အကြီးစားသယံဇာတ ထုတ်လုပ်မှုများ အတွက် ပြင်ဆင်ဆောင်ရွက် နေခြင်းများကို ရပ်တန့်ရန် (သို့မဟုတ်) ရပ်ဆိုင်းထားရန်။

(၅) တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အင်အားစုများနှင့် အစိုးရတပ်မတော်တို့ ဖြစ်ပွားသည့် တိုက်ပွဲတိုင်းတွင် ဒေသခံ ပြည်သူလူထုသာ ထိခိုက်နစ်နာခဲ့ရပါသည်။ ထို့ကြောင့် ၎င်းလုပ်ရပ်များကို နှစ်ဖက်တပ်များမှရှောင်ရှားပြီး ပြည်တွင်း ငြိမ်းချမ်းရေး ဖေါ်ဆောင်မှုနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု ဖြစ်စဉ်များတွင် တာဂန်ရှိ တာဝန်သိစွာဖြင့် ကောင်းမွန်ဖြူစင်သော ချဉ်းကပ်မှုများ ဖြင့် ဆွေးနွေးဖလှယ်ကြရန် မိမိတို့ တောင်းဆိုချက်အား ထုတ်ပြန်ကြေငြာလိုက်သည်။

**"တိုင်းရင်းသားပြည်သူလူထုအတွက် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး ပေါ်ပေါက်ပါစေသောဝ်"**

**မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်**

ဆက်သွယ်ရန်။ ။ စောဂျက်ပစီ၊ အထွေထွေအတွင်းရေးမှူး၊ +66 639364221